
H for HANDWASHING

# ALPHABET BOOK

AZZY နဲ့အတူတူ A-Z လေ့လာမယ်



Written by Harry Baker
Illustrated by James Cottell

Lifebuoy

H for HANDWASHING

ALPHABET BOOK

ဒီစာအုပ်လေးကတော့ သားသားမီးမီးတွေ
**H for Handwashing** ဆိုတာကို
ပျော်ပျော်ပါးပါး လေ့လာမှတ်သားဖို့
လိုက်ဘွိုင် မှ ဖန်တီးထားခြင်းဖြစ်ပါတယ်။

LEARN A-Z WITH AZZY




Lifebuoy

**This book, and other fun educational resources from Lifebuoy, aim to help children learn that 'H is for Handwashing'.**

# A to Z with Azzy

Written by Harry Baker

Illustrated by James Cottell



**This book belongs to:**

## သူငယ်ချင်းတို့ မင်္ဂလာပါ။ ငါ့နာမည်က **Azzy** ပါကွ။

အခုလို အရမ်းကိုပျော်စရာကောင်းတဲ့ အက္ခရာစာအုပ်လေးမှာ ပါဝင်ခွင့်ရတဲ့အတွက် အရမ်း စိတ်လှုပ်ရှားနေပြီ။ **Azzy** က **A**ကနေ **Z** အက္ခရာတွေအကြောင်း လေ့လာရတာ ပျော်တယ်

အက္ခရာ ၂၆ လုံးရှိတဲ့အထဲမှာ ထူးခြားတဲ့အက္ခရာကတော့
**“ H for Handwashing”** ဖြစ်ပါတယ်။

အန္တရာယ်များပြီး အကျင့်မကောင်းတဲ့ ဗိုင်းရပ်စ်တွေကိုတိုက်ထုတ်ဖို့အတွက် လက် ဆေးခြင်း က အရမ်း အရမ်းကို အရေးကြီးတယ်ဆိုတာ သိကြလား သူငယ်ချင်းတို့ရေ။ ပိုပြီးသိရအောင် **Azzy** နဲ့တူတူ လေ့လာကြည့်ရအောင်နော်။



ဒီစာအုပ်လေးရဲ့နောက်ကျောမှာ
ပျော်စရာကောင်းတဲ့ ပဟေဠိလေးတွေ
**activity** လေးတွေလည်းပါတယ်နော်

Enjoy my story!

Azzy

ဒါနဲ့ စာအုပ်ထဲမှာ
ဘဲတွေ အများကြီး ဝှက်ထားတယ်။
အကုန်လုံးကို ရှာနိုင်လား သူငယ်ချင်းတို့။

# A is for Adventure…

## (စွန့်စားခြင်း)

**Adventure** စွန့်စားခြင်းဆိုတာ
**Azzy** အရမ်းကြိုက်တဲ့အရာထဲက တစ်ခုပါပဲ။
မိုးလင်းတာနဲ့ ဒီနေ့ ဘာတွေဖြစ်မလဲ ဆိုတာကို
အမြဲတမ်း  စိတ်လှုပ်ရှားစွာစောင့်မျှော်နေမိတယ်။




# B is for Breakfast...

(မနက်စာ)

**Azzy** အပြင်မသွားခင် အားပြည့်အောင်
မနက်စာ အများကြီးစားတယ်။

ကြက်ဥ၊ ပေါင်မုန့် နဲ့ အသီးတွေစားတယ်။



# C is for Clean...

(သန့်ရှင်းခြင်း)

“အစားမစားခင်မှာ လက်ကိုအမြဲတမ်းဆေးဖို့
မမေ့နဲ့နော်” ဆိုပြီး
သစ်ရွက်လေးကို တကျွတ်ကျွတ်နဲ့ဝါးနေတဲ့
ခူကောင်လေးက **Azzy** ကိုလှမ်းပြောသွားတယ်။



# D is for Dirt...

(အညစ်အကြေး)

**Azzy** က မြေကြီးတွေတူးပြီး
တွင်းဖော်တိုင်းကစားရတာကိုအရမ်းကြိုက်တယ်။
ညစ်ပတ်တာတွေနဲ့ ဆော့ပြီးရင်တော့ ပြန်ပြီး
သန့်ရှင်းရေးလုပ်ရတော့မှာပေါ့။



# E is for Eagle...

(လင်းယုန်ငှက်)

လင်းယုန်ငှက်ကတော့ ကောင်းကင်မှာ
အမြဲအတောင်တွေကို ဖြန့်ကားပြီး တရှိန်ထိုးပျံသန်းနေတာ။
**Azzy** ကတော့ အပေါ်ကနေ မြင်ရတဲ့ ခံစားချက်က
ဘယ်လိုမျိုးလဲဆိုတာ တွေးနေခဲ့တာပေါ့ ။



# F is for Fingernails...

(လက်သည်း)



လက်သည်းကတော့ အညစ်အကြေးနဲ့ ဗိုင်းရပ်စ်တွေ
အလွယ်တကူ ပုန်းနေနိုင်တဲ့နေရာပေါ့။

ဒါကြောင့်ဆပ်ပြာနဲ့ရေကိုသုံးပြီး လက်အတွင်းပိုင်းထိ
သေသေချာချာတိုက်ချွတ်ဆေးဖို့လိုတယ်။

# G is for Germs...

(ပိုးမွှား)

ပိုးမွှားတွေဆိုတာ အရမ်းကိုသေးငယ်တဲ့
ပိုးကောင်လေးတွေဖြစ်တဲ့အတွက် သာမန်မျက်လုံးနဲ့
မြင်ရဖို့ဆိုတာ အရမ်းခက်ပါတယ်။

သူတို့နဲ့ တူတူပုန်းတိုင်းဆော့မယ်ဆိုရင်
တော်တော်ခေါင်းစားရမှာ။



# H is for…

**Azzy** အရင်တုံးက **H** ဆိုတာ **Horse** ကို
ကိုယ်စားပြုတယ်လို့မှတ်ခဲ့တာ။

ဒါပေမဲ့ **H ဆိုတာ Handwashing** ကို
ဆိုလိုမှန်းလဲ ခုဆို သိသွားပါပြီ။

**Azzy** တို့ အမြဲထိတွေ့နေတဲ့ အရာတွေဆိုတာ
ဘယ်နေရာကနေလာပြီး ဘယ်တွေရောက်ခဲ့လဲဆိုတာ
မသိပါဘူး။

ဒါကြောင့် လက်တွေကိုအမြဲသန့်ရှင်းအောင်ထားဖို့
ဆပ်ပြာနဲ့ရေကိုအသုံးပြုပြီးဆေးကြောရမှာပါ။



# I

## is for Ice-cream...

(ရေခဲမုန့်)

ရေခဲမုန့်က အရမ်းကို အရသာရှိပြီး
**Azzy** ရဲ့နှုတ်ခမ်းလေးတွေပေါ်မှာ အေးနေပါတယ်။

ရေခဲမုန့်တွေ အရည်မပျော်ခင်
အမြန်စားပစ်လိုက်ရတယ်။



# J

## is for Jumping...

(ခုန်ပေါက်ခြင်း)

ခုန်ပေါက်ခြင်းဆိုတာ
ရေစိုခံဖိနပ်နဲ့ ဗွက်အိုင်ထဲမှာ ခုန်ပေါက်ပြီး
ရေတွေပက်တာ (ဒါမှမဟုတ်) ကိုယ့်ကို လှမ်းဖမ်းမယ်လို့
ယုံကြည်ရတဲ့သူဆီကို ခုန်ပြီးဖက်တာမျိုး



# K is for Kangaroos...

## (သားပိုက်ကောင်များ)

သားပေါက်ကောင်တွေက
ခုန်တဲ့နေရာမှာ အတော်ဆုံးပါပဲ။

သူတို့တွေ ဗွက်အိုင်ထဲကို ခုန်ချလိုက်တဲ့အခါ
စင်သွားမယ့်ရေပမာဏက ဧရာမအကြီးကြီး ဖြစ်နေမှာ
အသေအချာပါပဲ။



# L is for Lunch…

(နေ့လည်စာ)

အဲ့လို ခုန်ပေါက်ပြီးတဲ့အခါ
ဗိုက်ဟာသွားပြီဆိုတော့ နေ့လည်စာစားရတော့မှာပေါ့။

ဒါပေမဲ့ အိမ်ထဲမဝင်ခင်မှာ ဗွက်တွေပေနေတဲ့ ဖိနပ်တွေကို
အရင်ချွတ်ရမယ်။



# M is for Messy...

(ရှုပ်ပွနေခြင်း)

ကိုယ့်အိမ်ထဲမှာ ရွှံ့ဗွက်တွေ မရှိစေချင်လို့
ဖိနပ်ချွတ်သလိုပဲ

ကိုယ့်ရဲ့လက်ချောင်းတွေကတဆင့်
ပိုင်းရပ်စ်တွေ ပါးစပ်ထဲကို မဝင်နိုင်အောင်
လက်ကိုအမြဲဆေးရမယ်။



# N

## is for Nap time...

## (တစ်ရေးတစ်မောအိပ်ချိန်)

**Azzy** ကတော့ နေ့တစ်ဝက်တောင်
ကုန်သွားပြီဆိုတာ ယုံတောင်မယုံနိုင်ပါဘူး။

ဒါပေမဲ့ တစ်ရေးတစ်မောအိပ်ပြီး အိပ်မက်
မက်လိုက်သေးတယ်။



# O is for Opening...

(ဖွင့်ခြင်း)


မျက်လုံးဖွင့်လိုက်တဲ့အချိန်မှာ အိပ်ရာဘေး မှာ
မတ်တပ်ရပ်နေတဲ့ ဇရာမ ငှက်ကုလားအုပ်ကြီးကို
**Azzy** တွေ့လိုက်ရပါတယ်။



# P is for Popping...

(အိမ်သာသွားခြင်း)

ဘောင်းဘီကိုချွတ် ပြီးအိမ်သာတတ်မယ်၊
ကိစ္စပြီးသွားရင်လည်း လက်ဆေးဖို့ မမေ့ရဘူးနော်။



# Q is for Questioning...

## (မေးခွန်းထုတ်ခြင်း)

ဘယ်လိုအကြောင်းအရာမျိုးကိုဖြစ်ဖြစ်
မေးခွန်းထုတ်ခြင်းဟာ ပိုပိုပြီး သိစရာတွေ
များလာမှာဖြစ်တယ်။

ဥပမာပြောရရင် ပါးစပ်နဲ့တစ်ချက်တည်းမှုတ်ထုတ်
လိုက်ရုံနဲ့ ဆပ်ပြာပူဖောင်းလေးတွေက ဘယ်လိုဖြစ်ပြီး
အဝေးကြီးထိ ရောက်သွားတာလဲ ဆိုတဲ့မေးခွန်းမျိုးပေါ့။



# R

## is for Rabbit...

(ယုန်)

ယုန်လေးက ခုန်ပေါက်ရတာကြိုက်သလောက်ကို
ပူဖောင်းလေးတွေကိုလဲ အရမ်းနှစ်သက်ပါတယ်။

ပူဖောင်းလေးတစ်လုံးလောက် လေထဲမှာ
လွင့်နေတာတွေ့တာနဲ့ ခုန်ပြီးလှမ်းဖောက်ဖို့
ကြိုးစားတော့တာပါပဲ။



# S is for Soap...

(ဆပ်ပြာ)

ဆပ်ပြာကို ကိုယ့်လက်ကလေးတွေ
သန့်ရှင်းအောင်ဆေးတဲ့နေရာမှာသုံးရုံသာမက
ရေနဲ့ရောသမ လိုက်မယ်ဆိုရင်
ကိုယ်ပိုင် ဆပ်ပြာပူဖောင်းစက်လေးတစ်လုံး ရသလို
ဖြစ်နေမှာပါနော်။



# T is for turning off the Tap in time...

(ရေပိုက်ခေါင်းကို အချိန်မီပိတ်ခြင်း)

လက်ဆေးပြီးပြီဆိုတာနဲ့ ရေပိုက်ခေါင်းကို
အချိန်မီပိတ်ရမယ်နော်။

ပြီးရင် လက်ကိုသေချာခြောက်အောင်သုတ်ပြီးမှ
အပြင်ထွက်ဆော့ရမယ်နော်။



# U is for Umbrella...

(ထီး)

ထီးကတော့ မိုးဒဏ် လေဒဏ်ကနေ
ခိုလှုံဖို့လိုတဲ့အချိန်မှာ အသုံးပြုရတာပါ။


နေမကောင်းဖြစ်နေတဲ့အချိန်ဆိုရင် မိုးမစိုအောင်
ကူညီပေးနိုင်ပါတယ်။



# V is for Very Very Very Very Very Very wet...

(အလွန်စိုရွှဲခြင်း)

ထီးသေချာမဆောင်းရင်တော့ အခုလိုမျိုး
တစ်ကိုယ်လုံးအရမ်းကို စိုရွှဲကုန်မှာနော်။



# W is for Water...

(ရေ)

ရေကို ကိုယ်စားပြုသလို မိမိကိုယ်ကိုသန့်စင်ခြင်း
**(washing ourselves)** ကိုလဲ ကိုယ်စားပြုပါတယ်။


ဘယ်လောက်ပဲ ညစ်ပတ်ခဲ့ ညစ်ပတ်ခဲ့ ရေချိုးပြီးရင်တော့
အမြဲတမ်းလန်းဆန်းပြီး အသစ်ဖြစ်သွားသလို ခံစားရမှာပါ။



# X is for X-ray...

**X-ray** က ခန္ဓာကိုယ်ထဲက အရိုးတွေနဲ့
အရေပြားအတွင်းပိုင်းထိ ဖောက်ထွင်းမြင်နိုင်အောင်
ဓါတ်မှန်ရိုက်တဲ့အရာပါ။

အပြင်မှာရှိတာအပြင် အတွင်းမှာရှိနေတာကိုလည်း
အမြဲကြည့်နေရမှာပါနော်။




# Y is for Yoghurt...

(ဒိန်ချဉ်)



ဒိန်ချဉ်ကတော့ ညနေစာစားပြီးတာနဲ့
**Azzy** အကြိုက်ဆုံးအချိုပွဲပါပဲ။
တစ်ကိုယ်လုံးပေကျံနေအောင် စားလိုက်လို့ ဒီပုံစံနဲ့
အိပ်ရာဝင်လို့ မဖြစ်တော့ပါဘူး။

ဒါကြောင့် **Azzy** နောက်ဆုံးတစ်ကြိမ် သန့်ရှင်းရေး
ထပ်လုပ်ပြီးတဲ့အခါမှာ မျက်လုံးတွေစဉ်းလာပါပြီ။




ဒီလိုနဲ့ တစ်နေ့တာ ကုန်ဆုံးသွားပါပြီ။

**Azzy** ကတော့ ကိုယ့်ကိုယ်ကို ဘယ်လိုသန့်ရှင်းအောင်
နေရမယ်ဆိုတာ အများကြီးလေ့လာခဲ့ရပါတယ်။
**Azzy** က ထပ်ပြီး ဘယ်လိုစွန့်စားခြင်းတွေ
တွေ့ရဦးမလဲဆိုတာတွေကို အိပ်မက်မက်နေပါပြီ။

နိုးလာရင်လည်း ဘာတွေ ဘယ်လို ကြုံတွေ့ရဦးမလဲဆိုတာ
စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်နေဦးမှာ အသေအချာပါပဲ။


# ပျော်စရာကာတှူ!

Azzy ကို ဝှက်ထားတဲ့
ပိုင်းရပ်စ်တွေ ပိုင်းကူရှာပေး
ကြပါလား?



# ပျော်စရာကာလှ!

**Azzy** ကို ဗိုင်းရပ်စ် တွေမထိဘဲနဲ့
ဘေစင်ရောက်အောင် ကူညီလမ်းပြပေးကြပါလား။
လမ်းမှာ ဆပ်ပြာလေးတွေ ယူသွားနိုင်အောင်လည်း
ကူညီပေးလိုက်ဦးနော်။





Azzy ပြောပြထားတဲ့...
လက်ဆေး
နည်းလေးတွေပါ !
ပျော်စရာကြီး !
Lifebuoy
H for HANDWASHING
1.
ရေ
2.
ဆပ်ပြာ
3.
ဘယ်ညာပွတ်
4.
လိပ်ပြာပုံပွတ်တိုက်
5.
ရေခေါင်းဖွင့်
6.
ရေဆေးချ
7.
ခြောက်အောင်သုတ်
8.
လုံးဝသန့်ရှင်းသွားပြီ